မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

February 21 , 2025 Volume 87, Number 14

၂၁.၂.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၀၃.၀၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၁.၉၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၈.၈၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၄၁.၄၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၇၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၂၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၆.၃၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၅.၀၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၄၃ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ပဲတီစိမ်း(ခရမ်းရွှေဝါ)များ ဈေးကောင်းရနေ




တရုတ်ဝယ်လက်တွေ စိတ်ဝင်စားသော ရန်ကုန်တိုင်းဒေသကြီးအတွင်းက စိုက်ပျိုးထွက်ရှိတဲ့ ပဲတီစိမ်း(ခရမ်းရွှေဝါ)များကို ဈေးကွက်အတွင်းမှာ ဈေးကောင်းပေးဝယ်လျက်ရှိကြောင်း ပွဲရုံများနှင့်ဒေသခံတောင်သူတွေထံက သိရပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိခရမ်း၊သုံးခွ၊သန်လျင်မြို့နယ်တွေဘက်မှစိုက်ပျိုးထွက်ရှိတဲ့ ပဲတီစိမ်း(ခရမ်းရွှေဝါ)များကိုလက်ရှိမှာ စတင်ရိတ်သိမ်းခူးဆွတ်နေပြီဖြစ်ကာ ပိဿာ ၂၀ တစ်တင်းကို ကျပ် ၁၁၀,၀၀၀ ကျော်အထိ ဈေးဖွင့်ဝယ်ယူမှုရှိနေတယ်လို့ သိရပါတယ်။

တစ်နိုင်ငံလုံးက ပဲတီစိမ်းစိုက်ဒေသများအနက် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ စိုက်ပျိုးထွက်ရှိတဲ့ ပဲတီစိမ်း (ခရမ်းရွှေဝါ)များက အရည်အသွေးပိုကောင်းတာကြောင့် နှစ်စဉ် တရုတ်ဝယ်လက်တွေသဘောကျတဲ့ ပဲတီစိမ်းမျိုး ဖြစ်တယ်လို့ သိရပါတယ်။

"ပဲတီစိမ်းတွေကတော့ စပြီးသိမ်းနေရပြီ။ ဈေးလည်းကောင်းနေတော့ လက်ထဲမထားဘဲ ထုတ်ရောင်းနေကြတယ်။ ပဲတီစိမ်းလှိုင်လှိုင်ပေါ်တဲ့အချိန်ဆို ဈေးကျတတ်တာကြောင့် ပေါ်တာနဲ့ထုတ်ရောင်းကြတာပဲ"လို့ ခရမ်းမြို့နယ်မှ ပဲစိုက်တောင်သူတစ်ဦးက ပြောပါတယ်။

အဆိုပါ ပဲတီစိမ်း(ခရမ်းရွှေဝါ)ကိုပြည်တွင်းက အခြားဒေသများတွင် စိုက်ပျိုးကြသော်လည်း ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ စိုက်တာလောက်အရည်အသွေးမကောင်းသလို ဈေးကောင်းလည်းမရဘူးလို့ ပွဲရုံပိုင်ရှင်တစ်ဦးက ပြောပါတယ်။

ပြီးခဲ့တဲ့နှစ် ပဲတီစိမ်း စပေါ်ချိန်တွင် ပဲတီစိမ်း(ခရမ်းရွှေဝါ)တစ်တင်းကို ကျပ် ၉၀,၀၀၀ ဝန်းကျင်သာရှိပြီး ယခုနှစ်မှာတော့ တစ်တင်းကို ၁၁၀,၀၀၀ ကျော်ဖြင့် ဈေးဖွင့်ဝယ်ယူလာတာကြောင့် ယခင်နှစ်ကထက် ဈေးပိုမြင့်တက်လာခြင်းဖြစ်ပါတယ်။

ထို့သို့ ပဲတီစိမ်းဈေးမြင့်တက်လာသော်လည်း စတင်စိုက်ပျိုးချိန်မှရိတ်သိမ်းချိန်အထိ အထွေထွေကုန်ကျစရိတ်မှာ အရင်နှစ်ကထက်ပိုမိုမြင့်တက်လာခြင်းကြောင့် ပဲအထွက်နှုန်းနည်းသူများအတွက် အရင်နှစ်ကလောက် တွက်ခြေမကိုက်သေးဘူးလို့ ဒေသခံတောင်သူတွေက ပြောပါတယ်။

**Source :** https://htwettoe.com/

## မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်၌ ဆောင်းထောပတ်ပဲစိုက်ခြင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ



မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ထောပတ်ပဲကို မိုးစိုက်နှင့် ဆောင်းစိုက်ဟူ၍ နှစ်ရာသီစိုက်ပျိုးကြကြောင်း၊ ဆောင်းထောပတ်ပဲကို မြင်းခြံမြို့နယ်တွင် ၈၉၆ ဧက၊ နွားထိုးကြီးမြို့နယ်တွင် ၂၀၄၇ ဧက စုစုပေါင်း ၂၉၄၃ ဧက စိုက်ပျိုးထားရှိကြောင်း သိရသည်။

ဆောင်းထောပတ်ပဲကို စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် စိုက်ပျိုးကြပြီး မတ်လနှင့် ဧပြီလများတွင် ရိတ်သိမ်းထွက်ပေါ်ကြောင်း၊ထောပတ်ပဲမျိုးများမှာ ပင်ထောင်ထောပတ်ပဲမျိုးနှင့် ပင်ပြန့်ထောပတ်ပဲမျိုးများဖြစ်ပြီး ပင်ပြန့်မျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် မြေပြုပြင်၍ အတန်းလိုက်စိုက်ပျိုးကြပြီး ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ မြေပြုပြင်ခ၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၅၃၀,၀၀၀ ခန့်ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ထောပတ်ပဲ ၉-၁၀ တင်းခန့်ထွက်ရှိခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် မြင်းခြံမြို့ရှိပွဲရုံများသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် ရန်ကုန်(ဘုရင့်နောင်)ပွဲရုံသို့ တင်ပို့ကြောင်း၊ ယခုအချိန်တွင် ထောပတ်ပဲစိုက်ခင်းများမှာ အသီးအပွင့်များဝေဆာ၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး မကြာမီအချိန်တွင် ရိတ်သိမ်းရမည်ဖြစ်ကြောင်း ထောပတ်ပဲစိုက်တောင်သူတစ်ဦးထံက သိရသည်။

**Source:** ကြေးမုံသတင်းစာ

## ပင်လယ်ငါးခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး ၊ လပွတ္တာမြို့နယ်ထွက် ပင်လယ်ငါးခြောက်များအရောင်းအဝယ်ကောင်းမွန်နေကြောင်း ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များထံက သိရသည်။

လပွတ္တာမြို့နယ်တွင် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်မှစတင်ပြီး ပင်လယ်ငါးခြောက်များ အရောင်းအဝယ်ကောင်းမွန်လျက်ရှိသည့်အပြင် ရန်ကုန်ဈေးကွက်မှလည်း ဝယ်ယူမှုများလာခြင်းကြောင့် အရောင်းအဝယ် ပိုမိုကောင်းမွန် နေကြောင်း သိရသည်။

အဆိုပါ ပင်လယ်ငါးခြောက်အစုံကို တစ်ရက်လျှင်ပိဿာချိန် ၅၀၀ မှ ၂၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

လပွတ္တာမြို့နယ်မှ ထွက်ရှိသည့် ငါးခြောက်များမှာငါးကွမ်းရှပ်၊ငါးလိပ်ကျောက်၊ ငါးပုပ်သင်၊ ပင်လယ်ငါးပြေမ၊ ငါးဖောင်ရိုး၊ ငါးနီတူစသည့် ပင်လယ်ငါးခြောက်များ အများဆုံး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် ငါးဖောင်ရိုးခြောက်တစ်ပိဿာလျှင် ငွေကျပ် ၂၇,၀၀၀ ကျပ်၊ ငါးကွမ်းရှပ်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၅၅,၀၀၀ကျပ် ၊ ပင်လယ်ငါးပြေမခြောက် တစ်ပိဿာလျှင် ငွေကျပ် ၅၄,၀၀၀ ကျပ် ၊ ငါးလိပ်ကျောက်ခြောက်တစ်ပိဿာလျှင်

ငွေကျပ် ၄၃,၀၀၀ ကျပ်၊ အာပြဲခြောက်တစ်ပိဿာလျှင် ငွေကျပ် ၂၉,၅၀၀ ကျပ် ၊ ငါးပုပ်သင်ခြောက်တစ်ပိဿာလျှင် ငွေကျပ် ၃၇,၀၀၀ ကျပ်၊ ငါးနီတူခြောက်တစ်ပိဿာလျှင် ငွေကျပ် ၂၅,၀၀၀ ကျပ် စသဖြင့် အရွယ်အစားအပေါ်မူတည်၍ ဈေးအပြောင်းအလဲရှိကြောင်း သိရသည်။

Source : https://www.popularmyanmar.com/

## ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၌ ဖရဲသီးနှံများ တစ်နိုင်တစ်ပိုင်စိုက်ပျိုး၍ အကျိုးအမြတ်ရရှိ



ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ကျီးသဲကျေးရွာအုပ်စု၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ရာသီပေါ်သီးနှံတစ်မျိုးဖြစ်သော ဖရဲသီးနှံကို ခြောက်ဧကခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ဖရဲသီးနှံကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးကြပြီး သုံးလခန့်အကြာ ဇန်နဝါရီလမှစတင်၍ ဖရဲသီးများ ထွက်ပေါ်ကြောင်း၊ မျိုးအနေဖြင့် ဖရဲ-ဖ၁၁ မျိုးများကို သဲနုန်းမြေများတွင် စိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင်တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ခြောက်သိန်းခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် ရောင်းတန်းဝင် ဖရဲသီးအလုံးရေ ၁၅၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဖရဲစိုက်ခင်းများကို ပွဲစားများထံသို့ အခင်းပြတ်ရောင်းချကြပြီး ပွဲစားများက ရန်ကုန်-ပြည် ကားလမ်းဘေးတွင် ဆိုင်ခန်းများဖွင့်လှစ်၍ ရောင်းချကြသည့်အပြင် ပြည်မြို့၊ ရွှေတောင်မြို့၊ ဝက်ထီးကန်မြို့နှင့် မော်ဇာမြို့များသို့လည်း တင်ပို့ရောင်းချကြကြောင်း သိရသည်။

**Source: မြန်မာ့အလင်းသတင်းစာ**

## မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ် ပန်းတော်ပြင်ကျေးရွာ၌ ဖူးစားပြောင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ် ပန်းတော်ပြင်ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဖူးစားပြောင်းများကိုလည်း ၁၀ ဧကခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ဖူးစားပြောင်းကို ဒီဇင်ဘာလတွင် စတင်စိုက်ပျိုးပြီး သုံးလအကြာတွင် ခူးဆွတ်ရကြောင်း၊ ထိုင်ဝမ်ပြောင်းစီးမျိုးများကို အများဆုံးစိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးထုပ် သုံးထုပ်ခန့်ကုန်ကျကြောင်း၊ စိုက်ပျိုးရာတွင် ထွန်ကြောင်းဆွဲအစေ့ချ၍ မြေအောက်ရေတင်စနစ်ဖြင့် စိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ ရေသွင်းခ၊ မြေပြုပြင်ခနှင့် လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၄၅၀,၀၀၀ ခန့်ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ပြောင်းဖူးအရေအတွက် ၄၀၀၀ ခန့်ထွက်ရှိခဲ့ပြီး စိုက်ပျိုးမြေအနေအထားနှင့် သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ်မူတည်၍ အထွက်နှုန်းများကွာခြားမှုရှိကြောင်း၊ ဈေးကွက်အနေဖြင့် အထက်မင်းလှမြို့ ဇေယျာသီရိဈေးနှင့် သရက်-မင်းလှကားလမ်းဘေးရှိ ကုန်စိမ်းဒိုင်များသို့ တင်ပို့ရောင်းချကြကြောင်း၊ ယခုအချိန်တွင် ပြောင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး သီးနှံပေါ်ချိန်တွင် ဈေးနှုန်းကောင်းမွန်ပါက အကျိုးအမြတ်က ရရှိနိုင်မည်ဖြစ်ကြောင်း ပြောင်းစိုက်တောင်သူတစ်ဦးထံက သိရသည်။

**Source: ကြေးမုံသတင်းစာ**

## အမေရိကန်သမ္မတက မော်တော်ယာဉ်၊ ဆေးဝါးနှင့် Chips သွင်းကုန်များအပေါ် သွင်းကုန်ခွန် ၂၅ ရာခိုင်နှုန်းစည်းကြပ်ရန် စဉ်းစားလျက်ရှိ

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က မော်တော်ယာဉ်၊ ဆေးဝါး၊ တစ်ပိုင်းလျှပ်ကူးပစ္စည်း Semiconductors နှင့် Chips ထုတ်လုပ်မှုကဏ္ဍအပေါ်သွင်းကုန်ခွန် ၂၅ ရာခိုင်နှုန်း ကောက်ခံရန်စဉ်းစားလျက်ရှိသည်ဟု ၁၈-၂-၂၀၂၅ ရက်တွင်ပြောကြားခဲ့ကြောင်း၊ ယင်းသို့ကောက်ခံခြင်းမပြုမီ အဆိုပါကဏ္ဍရှိ စက်မှုလုပ်ငန်းများကို အမေရိကန်နိုင်ငံသို့ ရွှေ့ပြောင်းနိုင်ရေးကူးပြောင်း ချိန်ကာလ သတ်မှတ်ပေးနိုင်ကြောင်း၊ သွင်းကုန်ခွန်စတင်သတ်မှတ်ချိန်တွင် ၂၅ ရာခိုင်နှုန်းခန့်ရှိမည်ဖြစ်ပြီး အချိန်ကာလကြာမြင့်သည်နှင့်အမျှ တိုးသွားမည်ဖြစ်ရာ ယင်းသို့သတ်မှတ်ခြင်းသည် အဆိုပါကဏ္ဍရှိ စက်မှုလုပ်ငန်းများ အမေရိကန်နိုင်ငံသို့ပြန်လာရန် အချိန်သတ်မှတ်ပေးခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ ယင်းကဏ္ဍများအပေါ် သွင်းကုန်ခွန်ကောက်ခံမှုကို ကုန်သွယ်ရေးမူဝါဒသုံးသပ်မှု ပြုလုပ်ပြီးနောက်ပိုင်း ဧပြီလ ၁ ရက်တွင် သတ်မှတ်နိုင်ဖွယ်ရှိကြောင်း သိရသည်။

မော်တော်ယာဉ်ကဏ္ဍအပေါ်သွင်းကုန်ခွန်ကောက်ခံမှုတွင်အမေရိကန်-မက္ကဆီကို-ကနေဒါ ကုန်သွယ်ရေးသဘောတူစာချုပ် (U.S. – Mexico – Canada Agreement, USMCA) အရ ကင်းလွတ်ခွင့်ပြုထားသည့် မော်တော်ယာဉ်များ ပါဝင်မှုရှိ/မရှိကို မသိရှိရသေးသော်လည်း ၁-၂-၂၀၂၅ ရက်၌ ကနေဒါနှင့်မက္ကဆီကိုနိုင်ငံများအပေါ်သွင်းကုန်ခွန်ကောက်ခံရန်ချမှတ်ခဲ့စဉ် အမေရိကန် မော်တော်ယာဉ်လုပ်ငန်းများအတွက် သွင်းကုန်ခွန်ကင်းလွတ်ခွင့်ပြုရေးစဉ်းစားသွားမည်ဟု သမ္မတဒေါ်နယ်ထရမ့်ကပြောကြားခဲ့သည်။

အမေရိကန်အစိုးရသည် နိုင်ငံ၏အမျိုးသားလုံခြုံရေးအတွက်အရေးပါသည့်ကဏ္ဍများနှင့် မော်တော်ယာဉ်၊ ဆေးဝါး၊ တစ်ပိုင်းလျှပ်ကူးပစ္စည်း (Semiconductors) နှင့် Chipsကဏ္ဍရှိ သွင်းကုန်များအပေါ် သွင်းကုန်ခွန်စည်းကြပ်ရန် ယခင်ကပင် ပြောကြားခဲ့သော်လည်း မည်သည့်ရာခိုင်နှုန်းအထိ သတ်မှတ်ကောက်ခံမည်ကို ပြောကြားခဲ့ခြင်းမရှိကြောင်း၊ သမ္မတဒေါ်နယ်ထရမ့်က ၎င်းသတ်မှတ်သည့် သွင်းကုန်ခွန်လျှော့ချရန်နိုင်ငံများက ညှိနှိုင်းဆွေးနွေးနိုင်သည်ဟုပြောကြားခဲ့ပြီး ၎င်းကဥရောပသမဂ္ဂသည် မော်တော်ယာဉ်သွင်းကုန်ခွန်ကို လျှော့ချရန်သဘောတူညီပြီးဖြစ်သည်ဟု ပြောကြားချက်အပေါ် ဥရောပသမဂ္ဂက ငြင်းဆိုထားကြောင်းနှင့် ဥရောပသမဂ္ဂကုန်သွယ်ရေးကော်မရှင်သည် ယခုရက်သတ္တပတ်အတွင်း အမေရိကန်နှင့်ဥရောပသမဂ္ဂတို့အကြား သွင်းကုန်ခွန်နှင့် အခြားကုန်သွယ်ရေးဆိုင်ရာအငြင်းပွားမှုများကို ဆွေးနွေးရန် အမေရိကန်နိုင်ငံသို့ လာရောက်မည်ဖြစ်ကြောင်း သိရသည်။

**Source : စီးပွားရေးသံမှူး၊ ဝါရှင်တန်ဒီစီ**

https://myantrade.gov.mm/

## ၂၀၂၅ ခုနှစ်တွင် ရော်ဘာတင်ပို့မှုမှတစ်ဆင့် ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံရရှိရန် ဗီယက်နမ်မျှော်လင့်



ဗီယက်နမ်ရော်ဘာအသင်း (VRA) က ၂၀၂၅ ခုနှစ်တွင် နိုင်ငံ၏ ရော်ဘာတင်ပို့မှုသည် ၂၀၂၄ ခုနှစ်ကထက် ၁၀ ရာခိုင်နှုန်းကြီးထွားပြီးဝင်ငွေအမေရိကန်ဒေါ်လာ ၁၁ ဘီလီယံ ရရှိရန်ခန့်မှန်းကြောင်း ဖေဖော်ဝါရီလ ၁၉ ရက်နေ့က ထုတ်ပြန်ခဲ့သည်။

ကမ္ဘာ့ဈေးကွက်တွင် ရော်ဘာဈေးနှုန်းများမှာ သိသာစွာမြင့်တက်နေခြင်းက ရော်ဘာကုမ္ပဏီများအား ဝင်ငွေနှင့်အကျိုးအမြတ်ရရှိမှု ကြီးထွားရေးတွင် ကူညီပေးနိုင်မည်ဟု သိရသည်။

ဇန်နဝါရီလတွင် ဗီယက်နမ်သည် အမေရိကန် ဒေါ်လာ ၃၄၁ သန်းတန်ဖိုးရှိသော ရော်ဘာတန်ချိန်၁၈၀,၀၀၀ တင်ပို့ခဲ့ပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီလ နှင့်နှိုင်းယှဉ်ပါက ပမာဏတွင် ၁၄ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းခဲ့သော်လည်း တန်ဖိုးတွင် ၁၄ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

ဇန်နဝါရီလတွင် ပျမ်းမျှတင်ပို့သည့်ဈေးနှုန်းမှာ ခန့်မှန်းတစ်တန်လျှင် ၁၈၉၂ အမေရိကန်ဒေါ်လာရှိပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီလထက် ၃၄ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။

ဗီယက်နမ်အကောက်ခွန်ဌာန၏ ထုတ်ပြန်ချက်အရ ၂၀၂၄ ခုနှစ်တွင် နိုင်ငံသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၂ ဘီလီယံ တန်ဖိုးရှိသော ရော်ဘာတန်ချိန် ၂ သန်းကို ပြည်ပသို့ တင်ပို့ခဲ့ကြောင်း သိရသည်။

**Source : DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## စီးပွားရေးကြီးထွားရန် ခရီးသွားကဏ္ဍကို အင်ဒိုနီးရှားအစိုးရ ပြုပြင်ပြောင်းလဲမည်



အင်ဒိုနီးရှားနိုင်ငံ စက်မှုနှင့်ရင်းနှီးမြှုပ်နှံမှု ဒုတိယဝန်ကြီးဖြစ်သူ Rizki Handayani Mustafa က အစိုးရသည် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်နှင့် စဉ်ဆက်မပြတ်ကြီးထွားရန်အတွက် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

အစိုးရသည် ကဏ္ဍအားလုံးကို ပြုပြင်ပြောင်းလဲမှုနှင့်ပြန်လည်ဖွဲ့စည်းမှုများဆောင်ရွက်လျက်ရှိကြောင်း Mustafa က အင်ဒိုနီးရှားနိုင်ငံဟိုတယ်နှင့်စားသောက်ဆိုင်အသင်း(PHRI)၏ကွန်းဖရန့်တွင် ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားအစိုးရသည် ခရီးသွားကဏ္ဍကနိုင်ငံ၏စီးပွားရေးကြီးထွားမှုတွင်ကြီးမားစွာပါဝင်လာနိုင်စေရေးအတွက်ခရီးသွားစည်းမျဉ်းများနှင့်စီမံခန့်ခွဲမှုများတိုးတက်ရန်နှင့်ခရီးသွားနှင့်ဆက်စပ်သည့်အကြောင်းအရာများ ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

ခရီးသွားဝန်ကြီးဌာနသည်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက်အခြားဝန်ကြီးဌာနများနှင့်အဖွဲ့အစည်းများနှင့်ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း သိရသည်။

Mustafa က ၎င်း၏ဝန်ကြီးဌာနသည်လည်း Clean Tourism Movement ၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်း၊ AI နည်းပညာအသုံးချခြင်း၊ ရေကြောင်းခရီးသွားနှင့် ကျန်းမာရေးခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးတို့ပါဝင်သည့် ပရိုဂရမ်များ အကောင်အထည်ဖော်လိမ့်မည်ဟု ပြောကြားခဲ့သည်။

ထို့ပြင် အစိုးရသည်လည်းခရီးသွားများကိုဆွဲဆောင်ရန်နှင့်ခရီးသွားကဏ္ဍမှနိုင်ငံတော်ဝင်ငွေရရှိမှုမြင့်တက်ရန် ခရီးသွားမြှင့်တင်ရေးအစီအစဉ်များ အရှိန်ဟုန်မြှင့်ဆောင်ရွက်သွားမည်ဟု သိရသည်။

PHRI၏ ဥက္ကဋ္ဌဖြစ်သူ Hariyadi B. Sukamdani က အင်ဒိုနီးရှားအစိုးရသည် ခရီးသွားကဏ္ဍအား နိုင်ငံ့စီးပွားရေးကြီးထွားမှုကိုမောင်းနှင်ပေးနိုင်မည့်ကဏ္ဍအဖြစ် ပိုမိုအာရုံစိုက်လိမ့်မည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ၎င်းက ထိုင်း၊ဗီယက်နမ်နှင့်မလေးရှားအစရှိသည့် အိမ်နီးချင်းနိုင်ငံများကို ယှဉ်ပြိုင်နိုင်ရန်အတွက် အင်ဒိုနီးရှားနိုင်ငံ၏ ခရီးသွားကဏ္ဍကို အဆင့်မြှင့်တင်ရာတွင် အစိုးရ၏ အရေးပါသောအခန်းကဏ္ဍကို အသားပေးပြောကြားခဲ့ကြောင်း သိရသည်။

အစောပိုင်းကာလတွင်လည်း ခရီးသွားဝန်ကြီးဖြစ်သူ Widiyanti Putri Wardhana က အနာဂတ်တွင်ခရီးသွားကဏ္ဍ၏ အလားလာသည် နိုင်ငံ့စီးပွားရေးကို အပေါင်းလက္ခဏာဆောင်စွာလွှမ်းမိုးမှုရှိပြီး အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်မည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

**Source : DOCA(ရန်ကုန်)**

https://www.doca.gov.mm/

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 21st Feb. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,638 (Shares) | 6,478,300 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,500 | +100 | +1.35% | 7,400 | 7,500 | 7,400 | 156 | 1,159,900 | 33,109,694 | 248,323 |
| MTSH | 00002 | 3,000 | +0 | +0.00% | 3,000 | 3,000 | 2,950 | 379 | 1,136,250 | 38,929,150 | 116,788 |
| MCB | 00003 | 8,000 | +100 | +1.27% | 8,000 | 8,000 | 8,000 | 1 | 8,000 | 10,400,986 | 83,208 |
| FPB | 00004 | 1,850 | +50 | +2.78% | 1,850 | 1,850 | 1,800 | 23 | 42,350 | 29,664,613 | 54,880 |
| TMH | 00005 | 2,950 | -50 | -1.67% | 2,850 | 2,950 | 2,850 | 7 | 20,050 | 12,823,224 | 37,829 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,600 | 1,650 | 1,600 | 1,639 | 2,627,500 | 19,977,223 | 32,962 |
| AMATA | 00007 | 4,000 | +0 | +0.00% | 3,950 | 4,000 | 3,900 | 111 | 438,000 | 10,497,598 | 41,990 |
| MAEX | 00008 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,200 | 322 | 1,046,250 | 23,804,946 | 77,366 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 21st Feb. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 367.59 | +2.75 | +0.75% | 363.01 | 367.59 | 362.82 | 2,638 | 6,478,300 | 8 | 693,346 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 10:00 am, 24th Feb. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 66 (Shares) | 247,600 (MMK) |

| MYANPIX | 363.50 ▼ 4.09 |
|---|---|
| Total Volume (shares) | 66 |
| Total Value (MMK) | 0 mil |
| Listed Company | 8 |
| Market Cap. (MMK) | 685,629 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,400 | ▼ 100 |
| MTSH | 00002 | 3,000 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 1,800 | ▼ 50 |
| TMH | 00005 | 2,800 | ▼ 150 |
| EFR | 00006 | 1,600 | ▼ 50 |
| AMATA | 00007 | 4,000 | ▲ 0 |
| MAEX | 00008 | 3,250 | ▲ 0 |